# ၁၉၆၃ ခုနှစ်၊ အထူးရာဇဝတ်ရုံးဥပဒေကိုပြင်သည့် ဥပဒေ။

[၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေ အမှတ် ၃၄။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၃ ခုနှစ်၊ အထူးရာဇဝတ်ရုံးဥပဒေကိုပြင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအာဏာတည်ရမည်။

၂။ ။နောက်တွင်အဆိုပါဥပဒေဟု ရည်ညွှန်းသည့် ၁၉၆၂ ခုနှစ်၊ အထူးရာဇဝတ်ရုံးဥပဒေပုဒ်မ ၂ တွင်၊ အပိုဒ်(ခ)ကို ပယ်ဖျက်ရမည်။

၃။ ။အဆိုပါဥပဒေပုဒ်မ ၃ တွင်၊ ပုဒ်မခွဲ(၂)အစား၊ အောက်ပါကို ပုဒ်မခွဲ(၂)အဖြစ်ထည့်သွင်းရမည်။

"(၂) အထူးရာဇဝတ်ရုံးတွင်၊ နာယကနှင့် နှစ်ဦးအောက်မနည်းသောအခြားအဖွဲ့ဝင်များပါဝင်ရမည်။"။

၄။ ။အဆိုပါဥပဒေပုဒ်မ ၄ တွင်—

(က) ပုဒ်မခွဲ (၁) အစား၊ အောက်ပါကို၊ ပုဒ်မခွဲ (၁) အဖြစ်ထည့်သွင်းရမည်။

"(၁) အခြားတည်ဆဲ တရားဥပဒေတခုခုတွင် မည်သို့ပင်ပါရှိစေကာမူ၊ အထူးရာဇဝတ်ရုံးသည်၊ မည်သည့်ပြစ်မှုကိုမဆို စစ်ဆေးကြားနာစီရင်နိုင်သည်။"။

(ခ) ပုဒ်မခွဲ(၂)ကို ပယ်ဖျက်ရမည်။

(ဂ) ပုဒ်မခွဲ(၃) ၌ "ဇယားဝင်"ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

(ဃ) ပုဒ်မခွဲ(၄)၌ "ဇယားဝင် ပြစ်မှုတခုခုကို" ဆိုသည့် စကားရပ်အစား၊ "ပုဒ်မခွဲ(၁) တွင် ရည်ညွှန်းသည့် ပြစ်မှုတခုခုကို" ဆိုသည့်စကားရပ်ကိုငင်း၊ "ဇယားဝင်ပြစ်မှု မဟုတ်သည့်" ဆိုသည့်စကားရပ်အစား၊ "ထိုပြစ်မှုမဟုတ်သည့်" ဆိုသည့်စကားရပ်ကိုငင်း၊ ထည့်သွင်းရမည်။ ထို့ပြင်

(င) ပုဒ်မခွဲ(၅)ကို ပယ်ဖျက်ရမည်။

၅။ ။အဆိုပါဥပဒေပုဒ်မ ၅ တွင် "ဇယားဝင်ပြစ်မှုတခုခု" ဆိုသည့် စကားရပ်အစား၊ "ပုဒ်မ ၄၊ ပုဒ်မခွဲ(၁) တွင် ရည်ညွှန်းသည့်ပြစ်မှုတခုခု" ဆိုသည့် စကားရပ်ကိုထည့်သွင်းရမည်။

၆။ ။အဆိုပါဥပဒေပုဒ်မ ၁၆ တွင် "မည်သည့်ဇယားဝင် ပြစ်မှုမျိုးကိုမဆို" ဆိုသည့်စကားရပ်အစား၊ "ပုဒ်မ ၄၊ ပုဒ်မခွဲ(၁)တွင် ရည်ညွှန်းသည့်ပြစ်မှုတခုခုကို" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၇။ ။အဆိုပါဥပဒေပုဒ်မ ၁၇ ကို ပယ်ဖျက်ရမည်။

၈။ ။အဆိုပါဥပဒေ၏ ဇယားကို ပယ်ဖျက်ရမည်။